ရက်စွဲ။    ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်

# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် (၃၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို (၅.၁၀.၂၀၂၄) ရက်နေ့တွင် Zoom Online Webinar ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

**(၃၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် အောက်ပါအချက်များအား အတည်ပြုခဲ့ပါသည် -**

(က) ဒါရိုက်တာများအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများ အတည်ပြုခြင်း။

( ခ ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သော V-Advisory စာရင်းစစ်အဖွဲ့ စာရင်းစစ်များမှ စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းကို အတည်ပြုခြင်း။

( ဂ ) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြင်ပစာရင်းစစ်အသစ် ခန့်အပ်ခြင်း၊
   (၁) "V-Advisory စာရင်းစစ်အဖွဲ့"

(ဃ) ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်ရာတွင် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော ဒါရိုက်တာ (၁၂) ဦးအနက် အဆိုပြုသူ (၅) ဦးဖြစ်ပါ၍ အဆိုပါ (၅) ဦးနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး တင်မြှောက်ခြင်းကို အတည်ပြုခြင်း။

**ဒါရိုက်တာ (၅) ဦး**

(က) ဦးတိုးအောင်မြင့်

( ခ ) ဦးအောင်သွင်ဦး

( ဂ ) ဦးအောင်စိုး

(ဃ) ဒေါ်ခင်မာမြင့်

( င ) ဦးအောင်အောင်

**သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး**

(က) ဦးဌေးချွန်

၂။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၃၁.၃.၂၀၂၄ ရက်နေ့ရှိ မတည်ငွေရင်းလုံလောက်မှုအချိုး (Regulatory Capital Adequacy Ratio) မှာ ၈.၂၈% ဖြစ်ပါသည်။ မိမိတို့ဘဏ်၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အနည်းဆုံး သတ်မှတ်အချိုး ၈% နှင့် အလွန်နီးကပ်လျက်ရှိပြီး အမြတ်ဝေစု ခွဲဝေပေးမည်ဆိုပါက အဓိက မတည်ရင်းနှီးငွေ ကျဆင်းမှုကြောင့် မတည်ငွေရင်းလုံလောက်မှုအချိုး လျော့နည်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခွဲဝေရန် မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့